# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
# ပြည်တွင်းအခွန်များဦးစီးဌာန

အမိန့်ကြော်ငြာစာ

အမှတ်၊ ၂၆၁ / ၂၀၁၉

၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၃ ရက်

(၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်)

၁။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနသည် အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေ (Tax Administration Law) ပုဒ်မ ၈၆၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ယင်းဥပဒေ ပုဒ်မ ၆၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂) နှင့်အညီ ညွှန်ကြားရေးမှူးချုပ်အား အပ်နှင်းထားသည့် အောက်ဖော်ပြပါ ပုဒ်မများပါ လုပ်ငန်းတာဝန် သို့မဟုတ် လုပ်ပိုင်ခွင့်တစ်ရပ်ရပ်ကို ယှဉ်တွဲပါ အခွန်ဝန်ထမ်း သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် တည်ဆဲရာထူးတာဝန် တစ်ရပ်ရပ်သို့ လွှဲအပ်လိုက်သည်-

| စဉ် | လွှဲအပ်ခြင်းခံရသည့်ရာထူးအမည် | | လွှဲအပ်သည့်လုပ်ငန်း တာဝန်/ လုပ်ပိုင်ခွင့်များ |
|---|---|---|---|
| | အခွန်ထမ်းကိုယ်တိုင်အခွန်စည်းကြပ်သည့်စနစ် ကျင့်သုံးသည့်ရုံးများ | အခွန်ရုံးမှအခွန်စည်းကြပ်သည့်စနစ် ကျင့်သုံးသည့်ရုံးများ | |
| ၁။ | ဌာနခွဲညွှန်ကြားရေးမှူးများ၊ အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး/ အလယ်အလတ် အခွန်ထမ်းများဆိုင်ရာအခွန်ရုံးများ၏ဌာနမှူးများ | ဌာနခွဲ ညွှန်ကြားရေးမှူးများ၊ အလယ်အလတ် အခွန်ထမ်းများဆိုင်ရာအခွန်ရုံးများ၏ဌာနမှူးများ၊ ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်အခွန်ဦးစီးဌာနမှူးများ | ပုဒ်မ ၅ အရ အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီစီမံအုပ်ချုပ်ခြင်းနှင့် ကျင့်သုံးဆောင်ရွက်ခြင်း |
| ၂။ | ညွှန်ကြားရေးမှူး (ဦးစီးရုံးဌာနခွဲ) | ညွှန်ကြားရေးမှူး (ဦးစီးရုံးဌာနခွဲ) | ပုဒ်မ ၈ (ဃ) ပါ ပြဋ္ဌာန်းချက်နှင့်အညီအခွန်ထမ်းနှင့် ပတ်သက်သည့် သတင်း အချက်အလက်များကို ထုတ်ဖော်ခြင်း |

| စဉ် | လွှဲအပ်ခြင်းခံရသည့်ရာထူးအမည် | | လွှဲအပ်သည့်လုပ်ငန်း တာဝန်/ လုပ်ပိုင်ခွင့်များ |
|---|---|---|---|
| | အခွန်ထမ်းကိုယ်တိုင်အခွန်စည်းကြပ်သည့်စနစ် ကျင့်သုံးသည့်ရုံးများ | အခွန်ရုံးမှအခွန်စည်းကြပ်သည့်စနစ် ကျင့်သုံးသည့်ရုံးများ | |
| ၃။ | အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံး/ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံးများ၏ ဌာနမှူးများ၊ ဌာနစုမှူးများ (အခွန်ထမ်းရေးရာဌာနစု၊အခွန်ထမ်းလိုက်နာမှုစိစစ်ရေးဌာနစု) | အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံးများ၏ဌာနမှူးများ၊ မြို့နယ်အခွန်ဦးစီးဌာနမှူးများ | ပုဒ်မ ၉ အရအခွန်ထမ်း မှတ်ပုံတင်အမှတ်ဆိုင်ရာကိစ္စများ ဆောင်ရွက်ခြင်း |
| ၄။ | ညွှန်ကြားရေးမှူး (အခွန်ဆိုင်ရာကြီးကြပ်ရေးဌာနခွဲ)၊ အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး/ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံးများ၏ဌာနစုမှူးများ | ညွှန်ကြားရေးမှူး (အခွန်ဆိုင်ရာကြီးကြပ်ရေးဌာနခွဲ)၊အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံးများ၏ဌာနမှူးများ၊ မြို့နယ်အခွန်ဦးစီးဌာနမှူးများ | ပုဒ်မ ၁၀ အရ အခွန်ကင်းရှင်းကြောင်းလက်မှတ်ထုတ်ပေးခြင်း |
| ၅။ | ဌာနခွဲညွှန်ကြားရေးမှူးများ၊ အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး/ အလယ်အလတ် အခွန်ထမ်းများဆိုင်ရာအခွန်ရုံးများ၏ဌာနမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ဌာနစုမှူးများ၊ အခွန်မှူးများ | ဌာနခွဲ ညွှန်ကြားရေးမှူးများ၊ အလယ်အလတ် အခွန်ထမ်းများဆိုင်ရာအခွန်ရုံးများ၏ဌာနမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ ဌာနစုမှူးများ၊ မြို့နယ်အခွန်ဦးစီးဌာနမှူးများ၊ အခွန်မှူးများ၊ | ပုဒ်မ ၁၄ အရ အခွန်ထမ်းနှင့် အခြားပုဂ္ဂိုလ်များကို ဆက်သွယ်ခြင်း |
| ၆။ | ဌာနခွဲညွှန်ကြားရေးမှူးများ၊အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံး/ အလယ်အလတ် အခွန်ထမ်းများဆိုင်ရာအခွန်ရုံးများ၏ ဌာနမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ ဌာနစုမှူးများ၊ အခွန်မှူးများ | ဌာနခွဲ ညွှန်ကြားရေးမှူးများ၊ အလယ်အလတ် အခွန်ထမ်းများဆိုင်ရာအခွန်ရုံးများ၏ဌာနမှူးများ၊ ဒုတိယ ညွှန်ကြားရေးမှူးများ၊ ဌာနစုမှူးများ၊ မြို့နယ်အခွန်ဦးစီးဌာနမှူးများ၊ အခွန်မှူးများ | ပုဒ်မ ၂၀ (ဃ) အရ မှတ်တမ်းနှင့်စာရင်းများကို ဘာသာပြန်ဆိုရန်တောင်းဆိုပိုင်ခွင့် |
| ၇။ | အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံး/ အလယ်အလတ် အခွန်ထမ်းများဆိုင်ရာအခွန်ရုံးများ၏ ဒုတိယညွှန်ကြားရေးမှူးများ၊ ဌာနစုမှူးများ (အခွန်ထမ်းရေးရာဌာနစု) | အလယ်အလတ် အခွန်ထမ်းများဆိုင်ရာအခွန်ရုံးများ၏ ဒုတိယညွှန်ကြားရေးမှူးများ၊မြို့နယ်အခွန်ဦးစီးဌာနမှူးများ | ပုဒ်မခွဲ ၂၂ (စ) အရ အခွန်ကြေညာလွှာနှင့် သက်ဆိုင်သည့်ကိစ္စရပ်များဆောင်ရွက်ခြင်း |

| စဉ် | လွှဲအပ်ခြင်းခံရသည့်ရာထူးအမည် | | လွှဲအပ်သည့်လုပ်ငန်း တာဝန်/ လုပ်ပိုင်ခွင့်များ |
|---|---|---|---|
| | အခွန်ထမ်းကိုယ်တိုင်အခွန်စည်းကြပ်သည့်စနစ် ကျင့်သုံးသည့်ရုံးများ | အခွန်ရုံးမှအခွန်စည်းကြပ်သည့်စနစ် ကျင့်သုံးသည့်ရုံးများ | |
| ၈။ | အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး/ အလယ်အလတ် အခွန်ထမ်းများဆိုင်ရာအခွန်ရုံးများ၏ ဒုတိယညွှန်ကြားရေးမှူးများ | အလယ်အလတ် အခွန်ထမ်းများဆိုင်ရာအခွန်ရုံးများ၏ ဒုတိယညွှန်ကြားရေးမှူးများ၊ မြို့နယ်အခွန်ဦးစီးဌာနမှူးများ | ပုဒ်မ ၂၄ အရ အခွန်ကြေညာလွှာတင်သွင်းရမည့် အချိန်ကာလ တိုးမြှင့်သတ်မှတ်ခြင်း |
| ၉။ | အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး/ အလယ်အလတ် အခွန်ထမ်းများဆိုင်ရာအခွန်ရုံးများ၏ဌာနမှူးများ၊ ဌာနစုမှူး (အခွန်စာရင်းစစ်ဌာနစု) | အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံးများ၏ဌာနမှူးများ၊ မြို့နယ်အခွန်ဦးစီးဌာနမှူးများ | ပုဒ်မ ၂၅ ပုဒ်မခွဲ (ဌ) နှင့် (ဍ) အရ အခြေပစ္စည်းများနှင့် ရရန်ပိုင်ခွင့်များကို ကြည့်ရှုစစ်ဆေးခွင့်ကိစ္စများ ဆောင်ရွက်ခြင်း |
| ၁၀။ | အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံး/ အလယ်အလတ် အခွန်ထမ်းများဆိုင်ရာအခွန်ရုံးများ၏ဌာနမှူးများ၊ ဌာနစုမှူးများ(အခွန်စာရင်းစစ်ဌာနစု၊ အခွန်ဆိုင်ရာအချက်အလက်များ စိစစ်ရေးဗဟိုဌာန) | အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံးများ၏ဌာနမှူးများ၊ မြို့နယ်အခွန်ဦးစီးဌာနမှူးများ | ပုဒ်မ ၂၇၊ ၂၈၊ ၂၉ အရ အခွန်စည်းကြပ်ခြင်းဆိုင်ရာကိစ္စများ ဆောင်ရွက်ခြင်း |
| ၁၁။ | အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံး/အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံးများ၏ ဌာနမှူးများ | ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်အခွန်ဦးစီးဌာနမှူးများ/ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံးများ၏ ဌာနမှူးများ၊ မြို့နယ်အခွန်ဦးစီးဌာနမှူးများ | ပုဒ်မ ၃၀၊ ၃၂ အရ အခွန်စည်းကြပ်ခြင်းဆိုင်ရာကိစ္စရပ်များ |
| ၁၂။ | အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး/ အလယ်အလတ် အခွန်ထမ်းများဆိုင်ရာအခွန်ရုံးများ၏ ဌာနမှူးများ၊ ဌာနစုမှူး(အခွန်ကောက်ခံမှုဌာနစု) | အလယ်အလတ် အခွန်ထမ်းများဆိုင်ရာအခွန်ရုံးများ၏ဌာနမှူးများ၊ မြို့နယ်အခွန်ဦးစီးဌာနမှူးများ | ပုဒ်မ ၃၇ ပုဒ်မခွဲ (ခ) အရ အငြင်းပွားမှုရှိသော အခွန်ပမာဏအတွက် အာမခံတင်သွင်းရန် အခွန်ထမ်းအားတောင်းဆိုခြင်း |

| စဉ် | လွှဲအပ်ခြင်းခံရသည့်ရာထူးအမည် | | လွှဲအပ်သည့်လုပ်ငန်း တာဝန်/ လုပ်ပိုင်ခွင့်များ |
|---|---|---|---|
| | အခွန်ထမ်းကိုယ်တိုင်အခွန်စည်းကြပ်သည့်စနစ် ကျင့်သုံးသည့်ရုံးများ | အခွန်ရုံးမှအခွန်စည်းကြပ်သည့်စနစ် ကျင့်သုံးသည့်ရုံးများ | |
| ၁၃။ | အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံး/အလယ်အလတ် အခွန်ထမ်းများဆိုင်ရာအခွန်ရုံးများ၏ ဌာနမှူးများ၊ ဌာနစုမှူး(အခွန်ကောက်ခံမှုဌာနစု) | အလယ်အလတ် အခွန်ထမ်းများဆိုင်ရာ အခွန်ရုံးများ၏ဌာနမှူးများ၊ မြို့နယ်အခွန်ဦးစီးဌာနမှူးများ၊ | ပုဒ်မ ၄၁ ပုဒ်မခွဲ (ခ)အရ ကိုယ်စားပြုသူအဖြစ် သတ်မှတ်ကြောင်း ကြေညာခြင်း |
| ၁၄။ | အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး/ အလယ်အလတ် အခွန်ထမ်းများဆိုင်ရာအခွန်ရုံးများ၏ ဌာနမှူးများ၊ဌာနစုမှူး (အခွန်ကောက်ခံမှုဌာနစု) | အလယ်အလတ် အခွန်ထမ်းများဆိုင်ရာအခွန်ရုံးများဌာနမှူးများ၊ မြို့နယ်အခွန်ဦးစီးဌာနမှူးများ၊ | ပုဒ်မခွဲ ၄၂ ပုဒ်မခွဲ (ဂ) အရ ကုမ္ပဏီ၏ အစုရှယ်ယာရှင်ဖြစ်ခဲ့သူထံမှ ကုမ္ပဏီက ပေးဆောင်ရမည့် အခွန်ကို ကောက်ခံခြင်း |
| ၁၅။ | အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံး/ အလယ်အလတ် အခွန်ထမ်းများဆိုင်ရာအခွန်ရုံးများ၏ ဌာနမှူးများ၊ ဌာနစုမှူးများ (အခွန်ဆိုင်ရာအချက်အလက်များစိစစ်ရေးဗဟိုဌာန၊ စီမံရေးရာဌာနစု) | အလယ်အလတ် အခွန်ထမ်းများဆိုင်ရာအခွန်ရုံးများ၏ ဌာနမှူးများ၊ မြို့နယ်အခွန်ဦးစီးဌာနမှူးများ | ပုဒ်မ ၄၃ နှင့် ၄၈ ပုဒ်မခွဲ (ဂ) အရ ပြန်အမ်းခြင်း |
| ၁၆။ | အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံး/အလယ်အလတ် အခွန်ထမ်းများဆိုင်ရာအခွန်ရုံးများ၏ဒုတိယညွှန်ကြားရေးမှူးများ | အလယ်အလတ် အခွန်ထမ်းများဆိုင်ရာအခွန်ရုံးများ၏ ဒုတိယညွှန်ကြားရေးမှူးများ၊ မြို့နယ်အခွန်ဦးစီးဌာနမှူးများ | ပုဒ်မ ၄၄ အရ အခွန် ပေးဆောင်ရမည့်ရက် တိုးမြှင့်ပေးပိုင်ခွင့်နှင့် ပုဒ်မ ၄၅ အရ အခွန်ပေးဆောင်ရန် တောင်းခံသည့် အကြောင်းကြားစာပေးပို့ခြင်း |
| ၁၇။ | အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံး/ အလယ်အလတ် အခွန်ထမ်းများဆိုင်ရာအခွန်ရုံးများ၏ ဌာနမှူးများ၊ ဌာနစုမှူးများ (အခွန်ဆိုင်ရာအချက်အလက်များ စိစစ်ရေးဗဟိုဌာန၊ အခွန်ကောက်ခံမှုဌာနစု) | အလယ်အလတ် အခွန်ထမ်းများဆိုင်ရာအခွန်ရုံးများ၏ဌာနမှူးများ၊ မြို့နယ်အခွန်ဦးစီးဌာနမှူးများ | ပုဒ်မ၄၆ (ခ) အရ အခွန်ပေးဆောင်မှုသည် စည်းကြပ်ပြီးခဲ့သောမည်သည့် အခွန်အမျိုးအစား ဖြစ်ကြောင်း သတ်မှတ်ခြင်း |

| စဉ် | လွှဲအပ်ခြင်းခံရသည့်ရာထူးအမည် | | လွှဲအပ်သည့်လုပ်ငန်း တာဝန်/ လုပ်ပိုင်ခွင့်များ |
|---|---|---|---|
| | အခွန်ထမ်းကိုယ်တိုင်အခွန်စည်းကြပ်သည့်စနစ် ကျင့်သုံးသည့်ရုံးများ | အခွန်ရုံးမှအခွန်စည်းကြပ်သည့်စနစ် ကျင့်သုံးသည့်ရုံးများ | |
| ၁၈။ | အခွန်ထမ်းကြီးများ ဆိုင်ရာအခွန်ရုံး/ အလယ်အလတ် အခွန်ထမ်းများဆိုင်ရာအခွန်ရုံးဌာနမှူးများ၊ ဌာနစုမှူး (အခွန်ကောက်ခံမှုဌာနစု) | အလယ်အလတ် အခွန်ထမ်းများဆိုင်ရာအခွန်ရုံးဌာနမှူးများ၊ မြို့နယ်အခွန်ဦးစီးဌာနမှူးများ | ပုဒ်မ ၅၂၊ ၅၆၊ ၅၇၊ ၅၈၊ ၅၉၊ ၆၀၊ ၆၁၊ ၆၃ ပါ အခွန်အရ ကောက်ခံသည့် ကိစ္စရပ်များ ဆောင်ရွက်ခြင်း |
| ၁၉။ | အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံး/အလယ်အလတ် အခွန်ထမ်းများဆိုင်ရာအခွန်ရုံးများ၏ ဌာနမှူးများ၊ ဌာနစုမှူးများ (အခွန်ဆိုင်ရာအချက်အလက်များ စိစစ်ရေးဗဟိုဌာန၊ အခွန်စာရင်းစစ်ဌာနစု၊ အခွန်ကောက်ခံမှုဌာနစု) | အလယ်အလတ် အခွန်ထမ်းများဆိုင်ရာ အခွန်ရုံးများ၏ ဌာနမှူးများ၊ မြို့နယ်အခွန်ဦးစီးဌာနမှူးများ | ပုဒ်မ ၆၄ အရ ဒဏ်ကြေးငွေဆိုင်ရာ ယေဘုယျ ပြဋ္ဌာန်းချက်များ ဆောင်ရွက်ခြင်း (ပုဒ်မခွဲ ဈ မှအပ) |
| ၂၀။ | အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံး/အလယ်အလတ် အခွန်ထမ်းများဆိုင်ရာအခွန်ရုံးများ၏ ဌာနမှူးများ၊ ဌာနစုမှူးများ | အလယ်အလတ် အခွန်ထမ်းများဆိုင်ရာ အခွန်ရုံးများ၏ ဌာနမှူးများ၊ မြို့နယ်အခွန်ဦးစီးဌာနမှူးများ | ပုဒ်မ ၆၅၊ ၆၆၊ ၆၇၊ ၆၈၊ ၆၉၊ ၇၀ (က) (ခ)၊ ၇၁၊ ၇၂၊ ၇၃၊ ၇၄ အရ ဒဏ်တပ်ရိုက်ခြင်း နှင့်သက်ဆိုင်သည့်ကိစ္စများအား ဆောင်ရွက်ခြင်း |
| ၂၁။ | ညွှန်ကြားရေးမှူး (အခွန်ဆိုင်ရာကြီးကြပ်ရေးဌာနခွဲ) | ညွှန်ကြားရေးမှူး (အခွန်ဆိုင်ရာကြီးကြပ်ရေးဌာနခွဲ) | ပုဒ်မ ၇၀ (ဂ) အရ ဒဏ်ကြေးငွေချမှတ်ခြင်းမှ သက်သာခွင့်ပြုခြင်း |

၂။ အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး၊ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံးတို့မှ ဌာနမှူးများ၊ တိုင်းဒေသကြီး/ ပြည်နယ်အခွန်ဦးစီးဌာနမှူးများ၊ ပြည်ထောင်စုနယ်မြေအခွန်ဦးစီးဌာနမှူးတို့သည် သက်ဆိုင်ရာ ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ညွှန်ကြားချက်များနှင့်အညီ လုပ်ငန်းတာဝန်များအား ကြီးကြပ်အကောင်အထည်ဖော် ဆောင်ရွက်ရမည်။

(မင်းထွဋ်)
ညွှန်ကြားရေးမှူးချုပ်

စာအမှတ် ၊ ၁ (၄) / ဥစ -၁ / ပတခ / ၂၀၁၉ (၁၁၃၆၇)
ရက် စွဲ ၊ ၂၀၁၉ ခုနှစ် အောက်တိုဘာလ ၁ ရက်

**ဖြန့်ဝေခြင်း**

ဝန်ကြီးရုံး၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
ဦးဆောင်ညွှန်ကြားရေးမှူး
ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း [မြန်မာနိုင်ငံပြန်တမ်း အပိုင်း (၁) တွင် ထည့်သွင်း ကြေညာ
ပေးပါရန် မေတ္တာရပ်ခံချက်ဖြင့် ပေးပို့အပ်ပါသည်။]
ဒုတိယညွှန်ကြားရေးမှူးချုပ်အားလုံး၊ ပြည်တွင်းအခွန်များဦးစီးဌာန
ဌာနခွဲညွှန်ကြားရေးမှူးအားလုံး၊ ပြည်တွင်းအခွန်များဦးစီးဌာန
ဌာနမှူး၊ အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး
ဌာနမှူး၊ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး (၁)၊(၂)၊(၃)၊(၄)၊(၅)
တိုင်းဒေသကြီး/ ပြည်နယ်အခွန်ဦးစီးဌာနမှူးအားလုံး
ပြည်ထောင်စုနယ်မြေအခွန်ဦးစီးဌာနမှူး
မိတ္တူကို
ရုံးလက်ခံ
မျှောစာတွဲ